## ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) တို့ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးဗဟိုဌာန၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်သည့် ပထမအကြိမ်ပြည်ထောင်စုအဆင့်ဆွေးနွေးပွဲမှ သဘောတူညီချက်များ

ရက်စွဲ၊ ၂၀၁၃ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်

နေရာ။ ။ ရန် ကုန် မြို့

၁။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ၏ ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (မကဒတ) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ ၂၀၁၃ခုနှစ် ဩဂုတ်လ(၁၀)ရက်နေ့၊ မြန်မာနိုင်ငံ ရန်ကုန်မြို့၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည် ထူထောင်ရေး ဗဟိုဌာနတွင် ကျင်းပသည့် ပြည်ထောင်စု အဆင့်ဆွေးနွေးပွဲတွင် နှစ်ဖက်ဆွေးနွေးပြီး အောက်ဖော်ပြပါ အချက်များကို သဘောတူကြသည်-

(က) တနိုင်ငံလုံးအတိုင်းအတာဆောင်သော အပစ်အခတ်ရပ်စဲရေးကို နှစ်ဖက်စလုံးမှ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရှိဖြင့် နှစ်ဘက်စလုံးမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန်။

(ခ) အပစ်အခတ်ရပ်စဲရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် လွတ်လပ်သည့် လေ့လာစောင့်ကြည့်ရေးအဖွဲ့ဖွဲ့စည်းရန်မူအားဖြင့်သဘောတူရန်၊

(ဂ) နိုင်ငံရေးအင်အားစုများ ပါတီအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအား တိုင်းပြည်၏ နိုင်ငံရေး ဖြစ်စဉ်တွင် ဂုဏ်သိက္ခာရှိစွာ ပါဝင်နိုင်ရေးအတွက် တရားဝင် ဖိတ်ခေါ်သွားရန်။

(ဃ) နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးအတွက် နိုင်ငံရေးအကျဉ်းသား စိစစ်ရေး ကော်မတီမှ စိစစ်ဆွေးနွေးမှုများဆက်လက်ပြုလုပ်သွားရန်။

(င) မကဒတမှ အဆိုပြုသောဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင် ပြဌာန်းခွင့် ဆိုင်ရာ ကိစ္စရပ် များကို ဆက်လက်အကောင် အထည်ဖော်ဆောင်ရွက် နိုင်ရေးအတွက် ဆက်လက် ဆွေးနွေးသွားရန်။

(စ) မကဒတ ၏နိုင်ငံရေးဆွေးနွေးပွဲရလာဒ်များ၊ နိုင်ငံရေးသဘောထားများနှင့် လုပ်ငန်းစဉ် များကို ပြည်သူလူထု၊ နိုင်ငံရေးပါတီများ၊ လူထုအခြေပြု အဖွဲ့အစည်းများနှင့် ဥပဒေနှင့် အညီလွတ်လပ်စွာ ဆွေးနွေးဖလှယ်ခွင့်၊ အစည်းဝေးကျင်းပခွင့်ရှိရန်။

(ဆ) မကဒတအားမတရားအသင်းအဖြစ် သတ်မှတ်ထားရှိမှုကို ပါယ်ဖျက်ပေးနိုင်ရေး အတွက် ဆက်လက် ဆွေးနွေးသွားရန်။

(ဇ) အမည်မဲ(Black List) စာရင်းတွင် ထည့်သွင်းခံထားရသည့် မကဒတ တပ်ဖွဲ့ဝင်နှင့် အဖွဲ့ဝင်များကို ပါယ်ဖျက်ပေးရန်နှင့် တရားစွဲဆိုခြင်းခံထားရသော မကဒတ တပ်ဖွဲ့ဝင် နှင့် အဖွဲ့ဝင်များအား ဥပဒေနှင့်အညီ ပါယ်ဖျက်ပေးရေး ဆက်လက် ဆွေးနွေး သွားရန်။

(ဈ) ပြည်တွင်းပြည်ပအခြေစိုက် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ( NGOs)၊ လူမှုအထောက်အကူ ပြုအဖွဲ့အစည်းများ (CBOs) များနှင့် တည်ဆဲဥပဒေများနှင့်အညီ ဆက်စပ် ဆောင်ရွက်ခွင့်ရှိရန်။

(ည) သတင်းဌာနများ၊ မီဒီယာများနှင့်လွတ်လပ်စွာထိတွေ့ဆောင်ရွက်ခွင့်ရှိရန်။

(ဋ) ပြည်တွင်းငြိမ်းချမ်းရေးနှင့် အပစ်အခတ်ရပ်စဲရေးကိစ္စရပ်များ အပါအဝင် နှစ်ဖက် ဆက်သွယ်ရေးလမ်းကြောင်းများ အဆင်ပြေချောမွေ့စေရေးအတွက် မကဒတ မှ တင်ပြထားသည့် အောက်ပါဆက်ဆံရေးရုံးများကို ဖွင့်လှစ်နိုင်ရေးအတွက် ဆက်လက် ညှိနှိုင်းသွားရန်-

(၁) ကလေး

(၂) ဘုရားသုံးဆူ

(၃) မူဆယ်

(၄) လွိုင်ကော်

(ဌ) နှစ်ဘက်တပ်များ လိုက်နာရမည့် စည်းကမ်းချက်များ (Code of Conduct) ညှိနှိုင်းရေးဆွဲရန်။

၂။ အထက်ပါ အချက်များအား နှစ်ဦးနှစ်ဖက် သဘောတူ လက်မှတ်ရေးထိုးကြပါသည်။